ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက်(၁၂/၂၀၂၂)

အမှတ်စဉ် (၁၂/၂၀၂၂) http://www.numyanmar.org ၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၁၈) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ နိုင်ငံတကာအသိုင်းအဝန်းနှင့် ထိတွေ့ဆက်ဆံနိုင်ရေးကို တိုက်တွန်းပြောကြားပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးအား NUG ယာယီသမ္မတ ပြောကြား။

အမျိုးသားညီညွတ်ရေးအစိုးရ၊ ယာယီသမ္မတက မြန်မာပြည်သူလူထု၏ဒီမိုကရေစီမျှော်မှန်းချက်များနှင့်လူ့အခွင့်အရေးများအတွက် မဟာမင်းကြီးအနေဖြင့် ဆက်လက် ထားရှိသည့် ကတိကဝတ်များအပေါ် ကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတကာအသိုင်းအဝန်းကို အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်ပေးရန်ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မီးရှဲလ်ဘာရှလေးနှင့် ဇူလိုင် ၁၄ ရက်ကအွန်လိုင်းမှတွေ့ဆုံစဉ် အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက တိုက်တွန်းပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ကတိကဝတ်ပြုထားပြီးယင်း ကတိကဝတ်များဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(OHCHR)က နည်းပညာအကူအညီတွေ ပံ့ပိုးပေးဖို့အတွက်လည်း တောင်းဆိုခဲ့သည်။

https://bit.ly/3aPX07I



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
နိုင်ငံတော်သမ္မတရုံး
presidentoffice@nugmyanmar.org

ထုတ်ပြန်ကြေညာချက်အမှတ် (၁၄/၂၀၂၂)
၂၀၂၂ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဒူဝါလရှီးလ နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး H.E. Michelle Bachelet တို့ကြား အွန်လိုင်း တွေ့ဆုံပွဲနှင့် ပတ်သက်၍ ထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဒူဝါလရှီးလသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မီရှဲလ် ဘာရှလေး Michelle Bachelet နှင့် အွန်လိုင်းအစည်းအဝေးကို လှိုက်လှဲစွာ ကြိုဆိုပါသည်။

နိုင်ငံတော်ယာယီသမ္မတမှ မြန်မာနိုင်ငံ ပြည်သူလူထု၏ ဒီမိုကရေစီ မျှော်မှန်းချက်များနှင့် လူ့အခွင့်အရေး များအတွက် မဟာမင်းကြီးမှ ဆက်လက်ထားရှိသော ကတိကဝတ်အတွက် မဟာမင်းကြီးအား ကျေးဇူးဥပကာရ တင်ရှိကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံ ဆောင်ရွက်ပေးဖို့ နိုင်ငံတကာ အသိုင်းအဝိုင်းအား တိုက်တွန်းပေးရန် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် အမျိုးသားညီညွတ်ရေး အစိုးရကိုယ်စား နိုင်ငံတော်ယာယီသမ္မတမှ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် ကတိကဝတ်ပြုခဲ့ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) မှ နည်းပညာ အကူအညီများ ပံ့ပိုးပေးရန်လည်း တောင်းဆိုခဲ့သည်။

နိုင်ငံတော်ယာယီသမ္မတမှ မဟာမင်းကြီးရုံး၏ လုပ်ပိုင်ခွင့် တာဝန်များအတွက် မြန်မာနိုင်ငံမှ ဆက်လက် ထောက်ခံကြောင်း ထပ်လောင်း အသိပေးခဲ့ပါသည်။

၂။ စစ်အာဏာရှင်ဖြုတ်ချရေးတွင် ပါဝင်ကြသည့် အစ္စလာမ်ဘာသာဝင် အပေါင်းအား လေးစားဂုဏ်ပြုကြောင်း NUG က ကုရ်ဗာနီအီးဒ်နေ့သို့ သဝဏ်လွှာပေးပို့

အမျိုးသားညီညွတ်ရေးအစိုးရက အစ္စလာမ်ဘာသာဝင်များ၏ ဇူလိုင် (၁၀) ရက်တွင်ကျရောက်သည့် အီဒွလ်အသွ်ဟာ (ကုရ်ဗာနီအီးဒ်) နေ့သို့ သဝဏ်လွှာ ပေးပို့ခဲ့ပြီး စစ်အာဏာရှင်စနစ် ဖြုတ်ချရေးတွင် စိတ်စေတနာ ထက်သန်စွာ ပါဝင်ဆောင်ရွက်နေကြသည့် အစ္စလာမ် ဘာသာဝင်အပေါင်းအား လေးစားဂုဏ်ပြုကြောင်း၊ စစ်မှန်သောငြိမ်းချမ်းခြင်း ဖြစ်လာဖို့အတွက် တရားမျှတမှု ရှိရေးဖော်ဆောင်ရန် အားလုံး၌ တာဝန်ရှိကြောင်း၊ အကြမ်းဖက်စစ်အာဏာရှင်စနစ်ကြီးစိုးပြီး နိုင်ငံသူနိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို လျစ်လျူရှုကာ ဥပဒေမဲ့ရက်စက်စွာ ပြုကျင့်နေသမျှ စစ်မှန်သည့် လုံခြုံငြိမ်းချမ်းမှု မရနိုင်ခြင်းကြောင့် စစ်အာဏာရှင်စနစ်ကို အပြီးတိုင် ဖယ်ရှားကာ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။ https://bit.ly/3IGDTto

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
https://nugmyanmar.org

အီဒွလ် အသွ်ဟာ (ကုရ်ဗာနီအီးဒ်) နေ့မြတ်သို့ အမျိုးသားညီညွတ်ရေးအစိုးရက ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၀) ရက်

၁။ ယနေ့သည် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များအဖွဲ့ချုပ်၊ ဗဟိုလကြည့်စိစစ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်အရ “အီဒွလ် အသွ်ဟာ” (ကုရ်ဗာနီအီးဒ်) နေ့မြတ်ဖြစ်သည်။ ဤနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်း မှီတင်းနေထိုင်ကြသည့် အစ္စလာမ်ဘာသာဝင်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာလုံခြုံကြပါစေကြောင်း ဆုမွန် ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

၂။ “အီဒွလ် အသွ်ဟာ” နေ့မြတ်သည် အစ္စလာမ်ဘာသာဝင်များအဖို့ အရေးကြီးပွဲနေ့မြတ်နှစ်ခုအနက် တစ်ခုဖြစ်သည်။ ဤနေ့မြတ်သည် အာဗြဟံက ၎င်း၏သား အိရှမေးလ်အား အလ္လာဟ်အရှင်မြတ်ထံ ပူဇော်ရန် စိတ်ဆန္ဒ ပြဋ္ဌာန်းပြုလုပ်ခဲ့သည်ကို အလေးအမြတ်ထားအောက်မေ့၍ ကျင်းပခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် အိရှမေးလ်အစား သိုးသူငယ်တစ်ကောင်ကိုသာ ပူဇော်ရန် အာဗြဟံအား ပြင်ဆင်ပေးသနားတော်မူခဲ့သည်။

၃။ အစ္စလာမ်ဘာသာဝင်တစ်ဦးအတွက် အရေးအကြီးဆုံးမှာ အလ္လာဟ်အရှင်မြတ်၏သွန်သင်ချက်ကို ရိုသေစွာနာခံ လိုက်လျှောက်ခြင်းဖြစ်သည်။ အစ္စလာမ်၏အဓိပ္ပါယ်မှာ ငြိမ်းချမ်းခြင်းဖြစ်သည်။ ငြိမ်းချမ်းခြင်းရှိရန်မှာ တရားမျှတမှု လိုအပ်ပေသည်။ တရားမျှတမှု မတည်ရှိ၊ မဖြစ်ထွန်းလျှင် စစ်မှန်သောငြိမ်းချမ်းခြင်းဆိုသည်မှာ မဖြစ်လာနိုင်ပေ။ ထို့ကြောင့် စစ်မှန်သောငြိမ်းချမ်းခြင်းအတွက် တရားမျှတမှုရှိရေးဖော်ဆောင်ရန် မိမိတို့အားလုံးတွင်တာဝန်ရှိသည်။

၄။ အကြမ်းဖက်စစ်အာဏာရှင်စနစ်ကြီးစိုးပြီး နိုင်ငံသူနိုင်ငံသားများ၏ အခြေခံလူ့အခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို လျစ်လျူရှုကာ၊ ဥပဒေမဲ့ လူမဆန်ရက်စက်စွာပြုကျင့်နေသမျှကာလပတ်လုံး စစ်မှန်သောလုံခြုံငြိမ်းချမ်းမှု ရရှိနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် စစ်အာဏာရှင်စနစ်ကို အပြီးတိုင်ရိုက်ချိုးဖယ်ရှားကာ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

၅။ ယနေ့မှစတင်သည့် “အီဒွလ် အသွ်ဟာ” နေ့မြတ်အချိန်အခါသာမယအတွင်း အလ္လာဟ်အရှင်မြတ်၏ ကရုဏာ တော်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်း လုံခြုံငြိမ်းချမ်းနိုင်ပါစေကြောင်းနှင့် စစ်အာဏာရှင်စနစ်ဖြုတ်ချရေး တွင် စိတ်စေတနာထက်သန်စွာ ပါဝင်ဆောင်ရွက်နေကြသည့် အစ္စလာမ်ဘာသာဝင်အပေါင်းအား လေးစားဂုဏ်ပြု ကြောင်းဖော်ပြရင်း ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ

၃။ အိန္ဒိယနိုင်ငံသားနှစ်ဦး သတ်ဖြတ်ခံရမှုအတွက် NUG ခိုင်လုံမှတ်တမ်းများ ရရှိထားပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ စနစ်တကျကိုင်တွယ်မည်

အိမ်နီးချင်းဆက်ဆံရေးအတွက် အိန္ဒိယနိုင်ငံသားနှစ်ဦးသတ်ဖြတ်ခံရမှုနှင့် ပတ်သက်ပြီး NUG အနေဖြင့် ခိုင်လုံသောမှတ်တမ်းများ ရရှိထားကြောင်း၊ တရားမျှတမှုတွေရရှိနိုင်ဖို့ ဆက်လက်လုပ်ဆောင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် စနစ်တကျကိုင်တွယ်ရန်၊ တမူးဒေသ ပအဖ၊ ပကဖ များနှင့် တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ရန် အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင် ၁၂ ရက်တွင်ပြုလုပ်သည့် အမျိုးသား ညီညွတ်ရေးအစိုးရ (၆၁) ကြိမ်မြောက် အစိုးရအဖွဲ့အစည်းဝေးတွင် တိုက်တွန်းပြောကြားသည်။

ပျူစောထီးအပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံအနှံ့အပြားရှိ အရပ်သားပြည်သူများအား ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ လူမဆန်ရက် စက်စွာနှိပ်စက် သတ်ဖြတ်ခြင်းများ ပြုကျင့်လျက်ရှိကြောင်းပြည်ထောင်စုဝန်ကြီးချုပ်ကဆက်လက်ပြောသည်။

ဇူလိုင်လ (၅) ရက်တွင် တမူးမြို့၊ စော်ဘွားရပ်ကွက်၊ အမက (၄) ကျောင်း အနီး၌ အိန္ဒိယနိုင်ငံသားများဖြစ်သော Mr. P. Mohan

(၂၈ နှစ်) နှင့် Mr Aiyanar (၃၅ နှစ်) တို့အား ပျူစောထီးအဖွဲ့ဝင်များက ရက်စက်စွာပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ၎င်းတို့၏ ရုပ်ကလာပ်များကို ကျန်ရစ်သူ မိသားစုများ အားပြန်လည် လွှဲပြောင်းအပ်နှံခြင်းမပြုဘဲ ယင်းနေ့တွင် တမူးမြို့၌ စစ်ကောင်စီလက်အောက်ခံ အုပ်ချုပ်ရေး အဖွဲ့အစည်းများက ဦးဆောင်၍ မီးသဂြိုဟ်ခဲ့ကြောင်း ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တရားမျှတမှု ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်း အမျိုးသား ညီညွတ်ရေးအစိုးရက ဇူလိုင် (၈) ရက်တွင် ထုတ်ပြန်ခဲ့ သည်။ https://bit.ly/3bYyv8C

ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဇဟိုကော်မတီ

၄။ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် မွန်ပြည်နယ် အတိုင်ပင်ခံကောင်စီ (MSCC) တို့ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

အစည်းအဝေးတွင် မွန်ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် ပညာရေး၊ကျန်းမာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ အုပ်ချုပ်ရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ငန်းများနှင့် ပတ်သက်ပြီး နှစ်ဖက်ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ပြီး တူညီသော တော်လှန်ရေး ဘုံဦးတည်ချက်အောက်တွင် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြရန် ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက ဇူလိုင် (၁၀) ရက်တွင်ပြုလုပ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှုဗဟိုကော်မတီနှင့် မွန်ပြည်နယ် အတိုင်ပင်ခံကောင်စီ (MSCC) တို့ ပထမအကြိမ် တွေ့ဆုံဆွေးနွေးပွဲ တွင်ပြောကြားသည်။ စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် မွန်ပြည်နယ်အတွင်းမှ ၂၀၂၀ ခုနှစ် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ CDM တွင်ပါဝင်လျက်ရှိကြသည့် ဝန်ထမ်းများ မွန်၊ ကရင်၊ ပအိုဝ်း၊ ဗမာ၊ အမျိုးသမီး၊ လူငယ်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ စသည့် တော်လှန်ရေးအင်အားစုများ တတ်နိုင်သမျှ စုံလင်စုဖွဲ့ပါဝင်ပြီး စုပေါင်းခေါင်းဆောင်မှုနှင့် မွန်ပြည်နယ်အတိုင်ပင်ခံကောင်စီ (MSCC) ကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း မွန်ပြည်နယ်အတိုင်ပင်ခံကောင်စီ(MSCC)မှ ပြောကြားသည်။ https://bit.ly/3zaoWNb

၅။ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ နှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီတို့ ဒုတိယ အကြိမ်တွေ့ဆုံ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကြားကာလဒေသန္တရ ပြည်သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီတို့ ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေး ပွဲကို ဇူလိုင် ၁၁ ရက် တွင် ပြုလုပ်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇွန်လအတွင်း လုပ်ငန်းဆောင်ရွက်ချက်များ ဧရာဝတီတိုင်းအတွင်း တော်လှန်ရေးအင်အားစုများအကြား ပေါင်းစည်းလှုပ်ရှားနေမှုအခြေအနေ၊ မြေပြင်လှုပ်ရှားမှုများနှင့်ချိတ်ဆက်ပြီး လူထုဘ၀အကူအညီပေးနိုင်ရေးကိစ္စရပ်များ အနယ်နယ်အရပ်ရပ်သို့ ရောက်ရှိနေသည့်အင်အားစုများစုစည်းနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ https://bit.ly/3P5ELdl

ကျန်းမာရေးဝန်ကြီးဌာန

၆။ ကျန်းမာရေးဝန်ကြီးဌာန၏တာဝန်၁၂နေရာအတွက်ကျန်းမာရေးဝန်ထမ်း အယောက် ၁၅၀ အလုပ်ခေါ်ယူ

အမျိုးသားညီညွတ်ရေးအစိုးရ ကျန်းမာရေးဝန်ကြီးဌာနက ဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများ၏ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် တာဝန် ၁၂ နေရာအတွက် ကျန်းမာရေးဝန်ထမ်း အယောက် (၁၅၀) ကို လျှောက်လွှာတင်သွင်းနိုင်ကြောင်း ဇူလိုင် ၁၄ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တာဝန်များနှင့် အလုပ်ခေါ်ယူသည့် အရေအတွက်မှာ အရိုးအထူးကုဆရာဝန် - (၁၀) နေရာ ၊ အရိုးအထူးကု ဘွဲ့လွန်သင်တန်းသား - (၁၀) နေရာ၊ ခွဲစိတ်အထူးကုဆရာဝန် - (၁၀) နေရာ၊ ခွဲစိတ်အထူးကု ဘွဲ့ လွန်သင်တန်းသား - (၁၀) နေရာ၊ မေ့ဆေးအထူးကုဆရာဝန် - (၁၀) နေရာ ၊ မေ့ဆေးအထူးကု ဘွဲ့လွန်သင်တန်းသား - (၁၀) နေရာ၊ အရေးပေါ် အထူးကုဆရာဝန် - (၁၀) နေရာ ၊ အရေးပေါ်အထူးကု ဘွဲ့လွန်သင်တန်းသား - (၁၀) နေရာ ၊ အကြောအဆစ်နှင့် ပြန်လည်သန်စွမ်းရေးအထူးကုဆရာဝန် - (၁၀) နေရာ ၊ အကြောအဆစ်နှင့်ပြန်လည်သန်စွမ်းရေးဘွဲ့လွန်သင်တန်းသား - (၁၀) နေရာ ၊ လက်ထောက်ဆရာဝန် - (၂၀) နေရာ နဲ့ သူနာပြု - (၃၀) နေရာအတွက် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူမှာ မြန်မာနိုင်ငံဖွား ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက CDM ဝန်ထမ်း ဖြစ်ရမည်ဖြစ်ကြောင်း ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေး ဌာနများက တာဝန်ချထားမည့် နေရာဒေသ များကို

သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိအလုပ်ခေါ်ယူမှုမှာ တော်လှန်ရေးကာလ၏လိုအပ်ချက်အရ ပထမအသုတ်အဖြစ် ခေါ်ယူတာဖြစ်ပြီး အခြားသော ကျန်းမာရေးဝန်ထမ်းများကိုလည်း နောင်ကာလာများတွင် ဆက်လက်ခေါ်ယူသွားမည်ဖြစ်ကြောင်းနှင့် အတည်ပြုရွေးချယ်ခြင်းခံရသူများက တာဝန်ချထားမည့်နေရာများအတွက် လိုအပ်သည့်သင်တန်းများကို သတ်မှတ်အစီအစဉ်များအတိုင်း တက်ရောက်ရမည် ဖြစ်ကြောင်းဖော်ပြထားသည်။ https://bit.ly/3c7VVZg

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့
ကျန်းမာရေးဝန်ကြီးဌာန
ထုတ်ပြန်ကြေညာချက်အမှတ် (၉/၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများ၏ ဆေးရုံ/ဆေးခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် အောက်ဖော်ပြပါ တာဝန်များ (စုစုပေါင်း ၁၂ ခု) အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

စဉ်	တာဝန်	လစ်လပ် နေရာ	ပညာအရည်ချင်း
၁။	အရိုးအထူးကုဆရာဝန်	(၁၀) နေရာ	M.B.,B.S, M.Med. Sc (Ortho)
၂။	အရိုးအထူးကု ဘွဲ့လွန်သင်တန်းသား	(၁၀) နေရာ	M.B.,B.S, PG2/PG3 (Ortho)
၃။	ခွဲစိတ်အထူးကုဆရာဝန်	(၁၀) နေရာ	M.B.,B.S, M.Med. Sc (Surgery)
၄။	ခွဲစိတ်အထူးကု ဘွဲ့လွန်သင်တန်းသား	(၁၀) နေရာ	M.B.,B.S, PG2/PG3 (Surgery)
၅။	မေ့ဆေးအထူးကုဆရာဝန်	(၁၀) နေရာ	M.B.,B.S, M.Med. Sc (Anaesthesia)
၆။	မေ့ဆေးအထူးကု ဘွဲ့လွန်သင်တန်းသား	(၁၀) နေရာ	M.B.,B.S, PG2/PG3 (Anaesthesia)
၇။	အရေးပေါ်အထူးကုဆရာဝန်	(၁၀) နေရာ	M.B.,B.S, M.Med. Sc (Emergency Medicine)
၈။	အရေးပေါ်အထူးကု ဘွဲ့လွန်သင်တန်းသား	(၁၀) နေရာ	M.B.,B.S, PG2/PG3 (Emergency Medicine)
၉။	အကြောအဆစ်နှင့်ပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်	(၁၀) နေရာ	M.B.,B.S, M.Med. Sc (Rehabilitation Medicine)
၁၀။	အကြောအဆစ်နှင့်ပြန်လည်သန်စွမ်းရေး ဘွဲ့လွန်သင်တန်းသား	(၁၀) နေရာ	M.B.,B.S, PG2/PG3 (Rehabilitation Medicine)
၁၁။	လက်ထောက်ဆရာဝန်	(၂၀) နေရာ	M.B.,B.S
၁၂။	သူနာပြု	(၃၀) နေရာ	B.N. Sc / Diploma in Nursing and Midwifery

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံဖွား ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက CDM ဝန်ထမ်း ဖြစ်ရမည်။ အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အကြမ်းဖက်စစ်ကောင်စီနှင့် ပတ်သက်မှု မရှိသူ ဖြစ်ရမည်။

(င) အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများက တာဝန်ချထားမည့် နေရာဒေသများသို့ သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာန၏ **Telegram Account - https://t.me/HR_MOHNUG သို့မဟုတ် Telegram Username -** @HR_MOHNUG တွင် လျှောက်လွှာပုံစံများကို ထုတ်ယူနိုင်ပြီး **(၂၈-၇-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍** ပေးပို့လျှောက်ထားရမည် ဖြစ်ပါသည်။ ယခုလျှောက်လွှာခေါ်ယူခြင်းသည် တော်လှန်ရေးကာလ လိုအပ်ချက်အရ ပထမအသုတ်အဖြစ် ခေါ်ယူခြင်းဖြစ်ပြီး အခြားသော ကျန်းမာရေးဝန်ထမ်းများကိုလည်း နောင်တွင် ထပ်မံခေါ်ယူသွားမည် ဖြစ်ပါသည်။

၅။ ဝန်ထမ်းစိစစ်ရွေးချယ်ခန့်အပ်ရေးကော်မတီက အတည်ပြုရွေးချယ်ခြင်း ခံရသူများသည် တာဝန်ချထားမည့်နေရာများအတွက် လိုအပ်သည့် သင်တန်းများကို သတ်မှတ်အစီအစဉ်များအတိုင်း တက်ရောက်ရမည်ဖြစ်ပြီး ဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများ၏ အစီအစဉ်ဖြင့် ဒေသအသီးသီးသို့ တာဝန်ချထားမည်ဖြစ်ပါသည်။

၆။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားကျန်းမာရေးဌာနများ၏ တော်လှန်ရေးကာလနှင့် ကြားကာလ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးသူရဲကောင်းများအတွက် လက်ရှိကာလများအတွင်း လူမှုဘဝလုံခြုံမှုနှင့် လုပ်ငန်းခွင်လုံခြုံမှုများကို ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန် အစီအစဉ်များ အတတ်နိုင်ဆုံး ချမှတ်ထားရှိပြီး တော်လှန်ရေးအလွန် ကာလများတွင်လည်း ကျန်းမာရေးသူရဲကောင်းများအတွက် ဘဝအာမခံချက်များကို ဖက်ဒရယ်ဒီမိုကရေစီ မူဝါဒများနှင့်အညီ ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ ဝန်ကြီးဌာနသည် CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ကျန်းမာရေးအင်အားစုများနှင့် တော်လှန်ရေးကာလအတွင်း အခက်အခဲအမျိုးမျိုးကြား၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများအားလုံးကို အထူးအသိအမှတ်ပြု၊ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ
https://moh.nugmyanmar.org/

လူ့အခွင့် အရေးဆိုင်ရာဝန်ကြီးဌာန

၇။ စစ်ကောင်စီ၏ တာဝန်ရှိသူများကို အရေးယူရေးနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး(ICC) သို့ လွှဲပြောင်းပေးရန် ကုလလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အားကြိုဆိုကြောင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ ၅၀ ကြိမ်မြောက် အစည်းအဝေး

မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်နှင့်ပက်သက်သည့် ထုတ်ပြန်ကြေညာချက်

မြန်မာ
ဇူလိုင်လ ၈ရက်၊ ၂၀၂၂ ခုနှစ်

မြန်မာနိုင်ငံအတွင်းရှိ ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်တွင် ပါဝင်သော သဘောတူညီချက်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါသည်။ အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ ဦးဆောင်မှုအတွက် ကျေးဇူးတင်ပါကြောင်းလည်း ထည့်သွင်းပြောကြားအပ်ပါသည်။

ဆုံးဖြတ်ချက်တွင်ပါရှိသည့်အတိုင်း လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များက ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများအပေါ် ကျူးလွန်ခဲ့သော လူ့အခွင့်ရေးချိုးဖောက်မှုများနှင့် နှိပ်စက်ညှဉ်းပန်းခြင်းများအပေါ် ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချခြင်းနှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် ပြည်သူလူထုအပေါ် စစ်တပ်က အရှိန်မြင့် ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်မှုများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်းများ၏ အကျိုးဆက်များအား အသိအမှတ်ပြုခြင်းတို့ကို မြန်မာနိုင်ငံအနေဖြင့် ထောက်ခံပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေး အရာရှိတို့က တင်ပြခဲ့သည့်အတိုင်း အထက်ပါကျူးလွန်မှုများတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်ပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရက ကိုယ်စားပြုသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ရိုဟင်ဂျာများနှင့် အခြားတိုင်းရင်းသား လူနည်းစုများအပေါ် သမိုင်းဝင်ချန်လှပ်ထားခဲ့သည့် ခွဲခြားဆက်ဆံသော မူဝါဒများ၊ အလေ့အထများနှင့် ကတိကဝတ်များက ရက်စက်ကြမ်းကြုတ်မှုများ ဖြစ်ပေါ်လာစေသော အခြေခံအုတ်မြစ် ဖြစ်ခဲ့ခြင်းကို ရှက်ရွံ့ဖွယ်ရာကိစ္စကြီးတစ်ခုအဖြစ် မှတ်ယူပါသည်။ မြန်မာ့စစ်တပ်က နှစ်နှစ်ခြိုက်ခြိုက် အသုံးပြုလျှက်ရှိသည့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် ၎င်းတို့အား နိုင်ငံတစ်ဝှမ်းတွင် ရက်စက်ကြမ်းကြုတ်မှုများကို တရားမဝင်စစ်အုပ်စုအောက်တွင် ကျူးလွန်ရန် ခွင့်ပြုပေးလျှက်ရှိသည်။

ဆုံးဖြတ်ချက်တွင် ပါရှိသည့်အတိုင်း အကြမ်းဖက်မှုများနှင့် နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် တာဝန်ရှိသူများအားလုံးကို အရေးယူရန်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အခွင့်အာဏာကိုအသုံးပြုကာ မြန်မာနိုင်ငံ၏အခြေအနေကို နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးရန် စသည့် တိုက်တွန်းချက်များကို မြန်မာနိုင်ငံအနေဖြင့် လှိုက်လှဲစွာ ကြိုဆိုလိုက်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်ပါ တိုက်တွန်းချက်များဖြစ်သည့် အများပါဝင်နိုင်မှု၊ လူ့အခွင့်အရေးများနှင့် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားလုံး၏ ဂုဏ်သိက္ခာရှိမှုများအတွက် မြှင့်တင်ဆောင်ရွက်ရန်၊ ခွဲခြားဆက်ဆံမှုများနှင့် မုန်းတီးမှုများ ပျံ့နှံ့နေခြင်းအား ကိုင်တွယ်ဖြေရှင်းရန်နှင့် ရိုဟင်ဂျာမွတ်ဆလင်များနှင့် အခြားလူနည်းစုများအားလုံးအပေါ် အမုန်းပွားစေသော အမုန်းစကားများကို တားဆီးတိုက်ဖျက်ရန်တို့အား သဘောတူလက်ခံပါသည်။ တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) အနေဖြင့်လည်း ၂၀၁၅ အမျိုးဘာသာကာကွယ်စောင့်ရှောက်ရေးဥပဒေများနှင့် ၁၉၈၂ နိုင်ငံသားဥပဒေများအပါအဝင် ခွဲခြားဆက်ဆံသည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲရန် သို့မဟုတ် ဖျက်သိမ်းရန်အတွက် လိုအပ်သော အဆင့်များအားလုံးကို ဆောင်ရွက်သွားရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အခြားတိုင်းရင်းသားနှင့် ရိုဟင်ဂျာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများနှင့် ၎င်းတို့ကို ကိုယ်စားပြုသူများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ အားလုံးနှင့် အတူတကွပူးပေါင်း၍ ရိုဟင်ဂျာများအပါအဝင် ကြိမ်ဖန်များစွာဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် မိမိတို့ကျေးရွာများနှင့် အိုးအိမ်များမှ အတင်းအဓမ္မရွှေ့ပြောင်းခံခဲ့ရသည့် မြန်မာပြည်သူများအားလုံး ဘေးကင်းလုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာ မိမိသဘောဆန္ဒအတိုင်း နေရပ်ပြန်နိုင်စေရေးအတွက် အထောက်အကူပြုသည့် အခြေအနေများ ဖန်တီးပေးနိုင်ရန် ဆောင်ရွက်သွားပါမည်။

သို့သော် အထက်ဖော်ပြပါဆောင်ရွက်မှုများ ရေရှည်ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် ဒီမိုကရေစီခိုင်မြဲစေခြင်း၊ အကြမ်းဖက်မှုများရပ်တန့်ခြင်းနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်အား အဆုံးသတ်ခြင်း တို့အပေါ် မူတည်နေပါသည်။

ဥရောပသမဂ္ဂက ဖော်ပြခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်သည် "စစ်တပ်၏ အာဏာသိမ်းမှုအား အသိအမှတ်ပြု၍ ရှုံ့ချရန် ပျက်ကွက်နေခြင်းဖြစ်သည်" ဆိုသောအချက်နှင့် ထိုသို့လုပ်ဆောင်ချက်၏ အကျိုးဆက်အနေဖြင့် "ရိုဟင်ဂျာနှင့် အခြားလူနည်းစုများအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအခြေအနေများ ပိုမိုဆိုးရွားလာခြင်း ဖြစ်ပါသည်။" ဆိုသည့်အချက်ကို ထပ်တူ ထောက်ခံပါသည်။ ဤအချက်အား ကုလသမဂ္ဂမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်တို့ကလည်း အထူးဖော်ပြခဲ့သည့်အတိုင်း လွန်စွာစိတ်ပူပန်မှုရှိနေပါသည်။

ယခုဆုံးဖြတ်ချက်တွင် နိုင်ငံတကာရာဇဝတ်မှုများနှင့် စပ်လျဉ်းသည့် ICC အခွင့်အာဏာအောက်ရှိ ရောမသဘောတူညီမှုကြေညာစာတမ်း Article 12 (3) အရ မြန်မာနိုင်ငံ၏တင်သွင်းထားချက် သို့မဟုတ် လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်အရ ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာအမှုအတွက် နိုင်ငံတကာတရားရုံးနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုထားခြင်း မရှိပါ။

မြန်မာပြည်သူများ၏ ပြတ်သားသော ထောက်ခံမှုများနှင့် ဒီမိုကရေစီမျှော်မှန်းချက်များကို ဆုံးဖြတ်ချက်က သိသိသာသာ ဖော်ပြထားခြင်းမရှိပါ။ ထို့အတွက်ကြောင့် လူ့အခွင့်အရေးကောင်စီနှင့် အဖွဲ့ဝင်နိုင်ငံများသည် မြန်မာပြည်သူများနှင့် ၎င်းတို့၏ မျှော်မှန်းချက်များကို တရားဝင်ကိုယ်စားပြုသော အမျိုးသားညီညွတ်ရေးအစိုးရ နှင့် တိုက်ရိုက်ချိတ်ဆက်၍ ဆုံးဖြတ်ချက်ထဲတွင် ပါရှိသည့်အချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ပံ့ပိုးပေးသင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေဖြင့် ကတိပြုထားသည့်အတိုင်း လူ့အခွင့်အရေးကောင်စီ၊ ၎င်း၏ ယန္တရားများ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘောဆောင်သည့် ချိတ်ဆက် ဆောင်ရွက်မှုများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားအပ်ပါသည်။

အကြမ်းဖက်စစ်ကောင်စီ၏ တာဝန်ရှိသူအားလုံးကို အရေးယူရေးနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး(ICC) သို့ လွှဲပြောင်းပေးရန် ကုလလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အား ကြိုဆိုကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဝန်ကြီးဌာနက ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အကြိမ် (၅၀) မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်းမှ ရိုဟင်ဂျာမူစလင်များနှင့် အခြားတိုင်းရင်းသားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်အပေါ် ထောက်ခံကြိုဆိုကြောင်း၊ ခွဲခြားဆက်ဆံခဲ့သည့်မူဝါဒများ အလေ့အထများနှင့် ကတိကဝတ်များက ရက်စက်ကြမ်းကြုတ်မှုများကို ဖြစ်ပေါ်လာစေသည့် အခြေခံအုတ်မြစ်ဖြစ်ခဲ့ခြင်းက ရှက်ရွံ့ဖွယ်ရာကိစ္စကြီး တစ်ခုဖြစ်ကြောင်း၊ အကြမ်းဖက်စစ်ကောင်စီ၏ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအကြောင်းကို ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် မြန်မာ့လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့က တင်ပြခဲ့ပြီးဖြစ်ကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်မှာ မြန်မာပြည်သူများ၏ ပြတ်သားသည့် ထောက်ခံမှုများနှင့် ဒီမိုကရေစီ အရေးမျှော်မှန်းချက်များကို သိသာစွာဖော်ပြထားခြင်းမရှိ ကြောင်းလည်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

https://bit.ly/3yI0QaZ

ကာကွယ်ရေးဝန်ကြီးဌာန

၈။ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၄ သန်းကျော်ထဲရရှိထားပြီး လက်နက်ခဲယမ်းနှင့် စစ်ဆင်ရေးအသုံးစရိတ်ကို ၆၂.၅၇% အထိ အသုံးပြုခဲ့ကြောင်း NUG ကာကွယ်ရေးဝန်ကြီးဌာနထုတ်ပြန်

အများပြည်သူလှူဒါန်းငွေတွေအဖြစ် အမျိုးသားညီညွတ်ရေးအစိုးရ ရှာဖွေထားသည့် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၄၄ သန်းကျော်အနက် လက်နက်ခဲယမ်းနှင့် စစ်ဆင်ရေးအသုံးစားရိတ်အဖြစ် ၆၂ ဒသမ ၅၇ ရာခိုင်နှုန်းအထိ အသုံး ပြုထားကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဇူလိုင်လ ၉ ရက်တွင်ထုတ်ပြန်ခဲ့ သည်။



အမေရိကန်ဒေါ်လာ (၄၄)သန်းအနက် လေ့ကျင့်ရေး စရိတ်အဖြစ် အသုံးပြုငွေ ၅ ဒသမ ၉၈ ရာခိုင်နှုန်း၊ လက်နက် ခဲယမ်းနှင့် စစ်ဆင်ရေးအသုံးစရိတ်အဖြစ် အသုံးပြုငွေ ၆၂ ဒသမ ၅၇ ရာခိုင်နှုန်း၊ လက်နက်ထုတ် လုပ်မှုစရိတ်အဖြစ် အ သုံးပြုငွေ ၂၂ ဒသမ ၄၉ ရာခိုင်နှုန်း၊ မဟာမိတ်များအား မျှဝေမှုစရိတ်အဖြစ်အသုံးပြုငွေ ၆ ဒသမ ဝ၃ ရာခိုင်နှုန်း၊ ကျဆုံးဒဏ်ရာရ ရဲဘော် ထောက်ပံ့မှုစရိတ်အဖြစ်အသုံးပြုငွေ ဝ ဒသမ ၅ဝ ရာခိုင်နှုန်းနှင့် အရေးပေါ်အသုံးစရိတ်နှင့် အုပ်ချုပ်စီမံခန့်ခွဲမှု ဆိုင်ရာစရိတ်အဖြစ်အသုံးပြုငွေ ၂ ဒသမ ၄၃ ရာခိုင်နှုန်းတို့ဖြစ် ကြောင်းဖော်ပြထားသည်။ လက်ရှိအသုံးပြုသည့် ငွေကြေးပမာဏမှာ ကာကွယ်ရေး ဝန်ကြီးဌာနက တိုက်ရိုက်ခွဲဝေ အသုံးချနေရသည့် ဘဏ္ဍာရန်ပုံငွေ ပမာဏလိုအပ်ချက်နှင့် နှိုင်းယှဉ်ပါက ရန်ပုံငွေမြောက်များစွာ ထပ်မံလိုအပ်လျက်ရှိနေကြောင်း ဖော်ပြထားသည်။ https://bit.ly/3AR9EOA

နိုင်ငံခြားရေးဝန်ကြီးဌာန

၉။ မင်းအောင်လှိုင်၏ သွေးရူးသွေးတန်းပြောစကားများမှာ လက်တွေ့မကျခြင်းကြောင့် ဆွေးနွေးရေးအတွက် စဉ်းစားစရာရန်ပင် မလိုအပ်ကြောင်း NUG နိုင်ငံခြားရေးဝန်ကြီးပြောကြား

အကြမ်းဖက်စစ်ခေါင်းဆောင် မင်းအောင်လှိုင်က အာဆီယံအထူးကိုယ်စားလှယ်နှင့်တွေ့ဆုံပွဲတွင် အတိုက်အခံများနှင့်ဆွေးနွေးပါက လိုက်နာရမည်ဟူသည့် အချက် ၃ချက်မှာ သွေးရူးသွေးတန်းပြောစကားများသာ ဖြစ်ခြင်းကြောင့် လက်တွေ့မကျဘဲ ဆွေးနွေးရေးအတွက် စဉ်းစားစရာရန်ပင်မလိုအပ်ကြောင်း၊ မင်းအောင်လှိုင်၏ သတ်မှတ်ချက် ၃ ရပ်မှာ အစိုးရနှင့် ပူးပေါင်းမည်ဆိုပါက အစိုးရပျက်စီးရာ၊ ပျက်စီးကြောင်း ကြံစည်လုပ် ဆောင်ခြင်းမျိုးမလုပ်ရန်၊ အစိုးရကို အစားမထိုးရန်နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ၂ဝ၀၈ အခြေခံဥပဒေကို အခြေခံမှုအဖြစ်

သတ်မှတ်ရန်တို့ဖြစ်ပြီး အဆိုပါသတ်မှတ်ချက်များသည် မင်းအောင်လှိုင်က အကြောက်တရားကို အခြေခံကာပြောခြင်းဖြစ်ပြီး ၎င်းသည် နိုင်ငံတော်သစ္စာဖောက်မှုကို ကျူးလွန်ထားသူဖြစ်ကြောင်း အမျိုးသားညီညွတ်ရေး အစိုးရ၊ နိုင်ငံခြားရေးဝန် ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်ဇင်မာအောင်က ဇူလိုင် ၉ ရက်တွင် People's Spring သတင်းဌာနကို ပြောကြားခဲ့သည်။

မင်းအောင်လှိုင်ပြောသည့် အချက် ၃ ချက်တွင် ၂၀၀၈ အခြေခံဥပဒေကိုအခြေခံမည် ဟူသည့်အချက် ထည့်သွင်းထားပြီး ၂၀၀၈ အခြေခံဥပဒေမှာ အာဏာသိမ်းသည့်အချိန်ကတည်းက ပျက်သွားပြီဖြစ်သည့်အတွက် လက်ခံနိုင်ဖွယ်မရှိသည့် အခင်းအကျင်းများဖြစ်ကြောင်း ဥပဒေပညာရှင်များနှင့်နိုင်ငံရေးသမားများက ထောက်ပြထားသည်။ https://bit.ly/3o3Yezv

---

လူသားချင်းစာနာထောက်ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာန

၁၀။ စစ်ဘေးရှောင်ပြည်သူများအား အမျိုးသားညီညွတ်ရေးအစိုးရက လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်

အကြမ်းဖက်စစ်ကောင်စီ၏တပ်များက ကျေးရွာများကို မီးရှို့ပြီး ပြည်သူများကိုသတ်ဖြတ်နေခြင်းကြောင့် နေရပ်စွန့်ခွာပြီး စစ်ဘေးရှောင်နေရသည့် ပြည်သူများအား အမျိုးသား ညီညွတ်ရေးအစိုးရ၊ လူသားချင်းစာနာထောက် ထားရေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထောက်ပံ့ကူညီမှုများ ပေးအပ်နေကြောင်း ဇူလိုင် ၉ ရက်က ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီ၏ ဖိနှိပ်အကြမ်းဖက်မှုများကြောင့် နေရပ်စွန့်ခွာစစ်ဘေးရှောင်ရသည့် ပြည်သူများ အသက်ဆုံးရှုံး ထိခိုက်ခံစားရသည့်ပြည်သူများနှင့် ပြည်သူ့ခုံခံ

တွန်းလှန်စစ်အတွင်း ကြီးမြတ်စွာ အသက်ပေးခဲ့ကြသည့် ပြည်သူ့ကာကွယ် ရေးရဲဘော်များ၏ ကျန်ရစ်သူမိသားစုများကို တစ်စုံတစ်ရာ ဖြေသိမ့်ပေးနိုင်ရေးအတွက် လူသားချင်းစာနာမှု အထောက်အပံ့ အကူအညီများကို ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ ထောက်ပံ့ခဲ့တဲ့ မှတ်တမ်း အချို့ကို ထုတ်ပြန်ခဲ့ပြီး ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မွန်ပြည်နယ်အတွင်းမှ စစ်ဘေးရှောင်များ အတွက်လည်း ကူညီ ပံ့ပိုးမှုများ ဆောင်ရွက် ပေးအပ်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ https://bit.ly/3RDOZDC

ကရင်နီပြည်နယ်

စစ်ကောင်စီတပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသော အပြစ်မဲ့ အရပ်သားပြည်သူများ၏ ကျန်ရစ်သူမိသားစုများအား ထောက်ပံ့မှု (ချင်းပြည်နယ်)

စစ်ဘေးရှောင် ပြည်သူများအား စားနပ်ရိက္ခာမျှဝေ ထောက်ပံ့ခြင်း (တနင်္သာရီတိုင်း၊ စစ်ဘေးရှောင်ဒေသတစ်ခု)

စစ်ဘေးရှောင် ပြည်သူများအား စားနပ်ရိက္ခာမျှဝေ ထောက်ပံ့ခြင်း (ချင်းပြည်နယ်၊ စစ်ဘေးရှောင်ဒေသတစ်ခု)

စစ်ဘေးရှောင်ပြည်သူများအား စားနပ်ရိက္ခာမျှဝေထောက်ပံ့ခြင်း (ကရင်ပြည်နယ်၊ စစ်ဘေးရှောင်ဒေသတစ်ခု)

ပညာရေးဝန်ကြီးဌာန

၁၁။ ပညာရေးနှင့် သက်ဆိုင်သည့်အဖွဲ့များအနေဖြင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့်လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်းပညာရေးဝန်ကြီး ဒေါက်တာ ဇော်ဝေစိုးပြောကြား

လွတ်လပ်သည့်ပညာရေးကို အားပေးပြီး မြို့နယ်အဖွဲ့များ ဒေသပညာရေးအဖွဲ့များနှင့် တိုင်းရင်းသားပညာရေး အဖွဲ့များအနေဖြင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုနှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဇော်ဝေစိုးက ဇူလိုင် ၉ ရက်တွင် PVTV ကိုပြောကြားသည်။

စစ်ကိုင်းတိုင်း၊ ယင်းမာပင်ခရိုင်အတွင်း ကျေးရွာတစ်ရွာ၌ ကျောင်းသားပေါင်း ၆၀၀ ခန့် စာမေးပွဲ ဖြေဆိုမှုကို ပြုလုပ်ခဲ့ကြပြီး စာသင်ကြားမှုတွင်လည်း ဆရာအင်အား ၅၅ယောက်ခန့်က စေတနာ့ ဝန်ထမ်းအဖြစ်ပြုလုပ်ပေးနေသကဲ့သို့ CDM ဝန်ထမ်း ၁၈ ဦးက ဦးဆောင်ပြီး ပညာသင်ကြားပေးနေတယ်လို့ ယင်းမာပင်-ဆားလင်းကြီး ရွာပေါင်းစုံသပိတ် ဦးဆောင်ကော်မတီက ထုတ်ပြန်ခဲ့ပြီး ယင်းသို့အတန်းတင် စာမေးပွဲပြုလုပ်နေသည့်အပေါ် ပြုလုပ်ပေး သူများကို အထူးကျေးဇူးတင်ဂုဏ်ယူကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။ https://bit.ly/3Pk1sLi

၁၂။ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဟု ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာ

ပညာရေးဝန်ကြီးဌာနက အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ကျင်းပမည်ဖြစ်ကာ ယင်းစစ်ဆေးအကဲဖြတ်ခြင်းအတွက်ဖြေဆိုသူအနေဖြင့် ဩဂုတ် ၃၁ ရက်တွင် အသက် ၁၇ နှစ် ပြည့်ရမည်၊ အခြေခံပညာ နဝမတန်း(စနစ်ဟောင်း) တက်ရောက်ဖူးသူဖြစ် ရမည်ဖြစ်သည်။ စစ်ဆေးအကဲဖြတ်ခြင်းကို အင်တာနက်ရရှိသည့် နေရာဒေသများတွင် အွန်လိုင်းမှ ဖြေဆိုစေခြင်း ၊ အင်တာနက်အခက်အခဲရှိသည့် နေရာဒေသများတွင် အင်တာနက်မလိုသောနည်းပညာ (Offline Assessment Application) အသုံးပြုပြီး ဖြေဆိုစေခြင်းနှင့် နယ်မြေစိုးမိုးမှုရရှိပြီး လုံခြုံရေး အာမခံချက်ရှိသည့် ဒေသတွေများတွင် မြေပြင် (On-ground) ဖြေဆိုရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ https://bit.ly/3RByeZN

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်အမှတ် (၁၁ /၂၀၂၂)
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ (၉) ရက်

၂၀၂၃ ခုနှစ်၊ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ အများပြည်သူသို့ အသိပေးတင်ပြခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းကို **၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ**တွင် စတင်ကျင်းပမည် ဖြစ်ပါသည်။

၂။ အခြေခံပညာပြီးမြောက်ကြောင်းစစ်ဆေးအကဲဖြတ်ခြင်းကို အောက်ပါအချက်များနှင့် ကိုက်ညီသူများ ပါဝင်ဖြေဆိုနိုင်မည်ဖြစ်သည် -

(က) ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့တွင် အသက် (၁၇) နှစ် ပြည့်ပြီးသူ

(ခ) အခြေခံပညာနဝမတန်း (စနစ်ဟောင်း) တက်ရောက်ဖူးသူ

၃။ လက်ရှိကာလတွင် အခြေအနေအမျိုးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့နေရသော ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစေရေးအတွက် အခြေခံပညာပြီးမြောက်ကြောင်းစစ်ဆေးအကဲဖြတ်ခြင်းကို -

(က) အင်တာနက်ရရှိသည့် နေရာဒေသများတွင် **အွန်လိုင်း** (Online) မှ ဖြေဆိုစေခြင်း

(ခ) အင်တာနက်အခက်အခဲရှိသည့် နေရာဒေသများတွင် **အင်တာနက်မလိုသောနည်းပညာ** (Offline Assessment Application) အသုံးပြု၍ ဖြေဆိုစေခြင်း

(ဂ) နယ်မြေစိုးမိုးမှုရရှိပြီး လုံခြုံရေးအာမခံချက်ရှိသော ဒေသများတွင် **မြေပြင်** (On-ground) ဖြေဆိုစေခြင်းများ ဆောင်ရွက်မည် ဖြစ်သည်။

၄။ အခြေခံပညာပြီးမြောက်ကြောင်းစစ်ဆေးအကဲဖြတ်ခြင်းသည် ယခင် **ဒသမတန်း (စနစ်ဟောင်း)** သင်ရိုးညွှန်းတမ်းကို အခြေခံမည် ဖြစ်သော်လည်း အလွတ်ကျက်မှတ်မှုကိုအားပေးသည့် မေးခွန်းများအစား ကျောင်းသားကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာ -

(က) **သိရှိနားလည်သဘောပေါက်မှု** (Knowledge and Understanding)

(ခ) **ခွဲခြမ်းစိတ်ဖြာ သုံးသပ်၍ အသုံးချနိုင်မှု** (Application and Analysis)

(ဂ) **လက်တွေ့ဘဝနှင့် ဆက်စပ်ပြီး ပြဿနာများကို တီထွင်ဖန်တီးဖြေရှင်းနိုင်မှု** (Creative Problem-solving)

တို့ကို စစ်ဆေးအကဲဖြတ်သွားမည် ဖြစ်သည်။

၅။ မေးခွန်းလွှာတစ်ခုစီအတွက် **ဖြေဆိုချိန် (၂) နာရီ** ခွင့်ပြုမည်ဖြစ်ပြီး နိုင်ငံတကာစစ်ဆေးအကဲဖြတ်မှုပုံစံများအတိုင်း စဉ်းစားတွေးခေါ်မှုကို အခြေပြုပြီး ခွဲခြမ်းစိတ်ဖြာ ဖြေဆိုရသည့် **ဓမ္မဓိဋ္ဌာန်မေးခွန်းအမျိုးအစားများ** (Objective Type Items) ပါဝင်မည် ဖြစ်သည်။

၆။ စစ်ဆေးအကဲဖြတ်မှုကို ၂၀၂၃ ခုနှစ်အတွင်း အောက်ပါအတိုင်း **နှစ်ကြိမ်** ကျင်းပမည် ဖြစ်သည် -

(က) ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ

(ခ) ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

(ပထမအကြိမ်တွင် ပါဝင်ဖြေဆိုရန် အခက်အခဲရှိသူများအနေဖြင့် ဒုတိယအကြိမ်တွင် ပါဝင်ဖြေဆိုနိုင်မည် ဖြစ်သည်။)

၇။ စစ်ဆေးအကဲဖြတ်မှုရလဒ်များထုတ်ပြန်ရာတွင် ဘာသာရပ်တစ်ခုတွင် ကျရှုံးရုံဖြင့် ဘာသာရပ်အားလုံး ပြန်လည်ဖြေဆိုစေသောစနစ်ကို ကျင့်သုံးမည်မဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ၏ **စွမ်းရည်အပေါ် အခြေပြုသည့် ရလဒ်အဆင့်များ** (Grading) ထုတ်ပြန်ပေးမည်ဖြစ်ပြီး မိမိတို့ ဆက်လက်သင်ယူမည့် အဆင်မြင့်ပညာ သို့မဟုတ် သက်မွေးပညာဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၏ ဝင်ခွင့်သတ်မှတ်ချက်များ အပေါ်မူတည်ပြီး ပြန်လည်ဖြေဆိုရန်လိုအပ်သော ဘာသာရပ်များကိုသာ ထပ်မံဖြေဆိုကြရမည် ဖြစ်သည်။

၈။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်းနှင့် စပ်လျဉ်း၍ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ မိဘပြည်သူများ သိရှိထားရမည့် အချက်အလက်များကို **အချိန်မီ** ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်ပါသည်။

၉။ တော်လှန်ရေးတွင် ပါဝင်နေသူများ၊ မသန်စွမ်းသူများ၊ စစ်ဘေးသင့် ပြည်သူများအတွက် သင့်လျော်မည့် ကြားကာလ သို့မဟုတ် တော်လှန်ရေးလွန်ကာလတွင် အထူးပညာသင်ကြားရေးနှင့် စစ်ဆေးအကဲဖြတ် အသိအမှတ်ပြုရေး အစီအစဉ်များကို သီးသန့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၀။ သို့ပါ၍ ကျောင်းသားကျောင်းသူများအနေဖြင့် **ဒသမတန်း (စနစ်ဟောင်း) သင်ခန်းစာများ** ကို ကြိုတင်လေ့လာထားကြပါရန် တိုက်တွန်းနှိုးဆော်ပါသည်။

ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

၁၃။ "Kaung For You Education" ၏ ဆရာများနှင့် ကျောင်းသားများ ဖမ်းဆီးခံရမှုအား ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးယန္တရား များနှင့် ချိတ်ဆက်ပြီး တုံ့ပြန်ဆောင်ရွက်သွားမည်

"Kaung For You Education" ၏ ဆရာများနှင့် ကျောင်းသားများကို အကြမ်းဖက်စစ်ကောင်စီက ဖမ်းဆီးမှုအား ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေး ယန္တရားများနှင့် ချိတ်ဆက်ပြီး တုံ့ပြန်ဆောင်ရွက်သွားမည်ဟု အမျိုးသား ညီညွတ်ရေး အစိုးရ ပညာရေးဝန်ကြီးဌာနက ဇူလိုင် ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

"Kaung For You Education" အနေဖြင့် မကြာသေးမီကအချက်အလက်ကျိုးပေါက်မှု ရှိခဲ့ကြောင်း အွန်လိုင်း အခြေပြု ပညာသင်ကျောင်းတစ်ခု အနေဖြင့် ကိုယ်ရေးအချက်အလက်များကို ကောက်ယူခဲ့ပြီး စနစ်တကျ မထိန်းသိမ်းနိုင်ခဲ့ခြင်းမှာ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည့် ကိုယ်ရေးအချက်အလက်လုံခြုံခွင့် (Right to Privacy) ကို ချိုးဖောက်မှုဖြစ်ပြီး ယင်းအတွက် သက်ဆိုင်ရာ ကျောင်းစီမံခန့်ခွဲမှုအနေဖြင့် တာဝန်ခံရန် တာဝန်ရှိကြောင်း ပညာရေးအခွင့်အရေး (Right to Education)မှာ အခြေခံလူ့အခွင့်အရေး ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ပညာသင် ကြားခြင်း သင်ယူခြင်းအား အကြောင်းပြု၍ ခြိမ်းခြောက် ဖမ်းဆီးခြင်း မပြုအပ်ကြောင်း အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဆရာ၊ ဆရာမများကို ဖမ်းဆီးခြိမ်းခြောက်ခြင်းမှာ အခြေခံလူ့အခွင့် အရေးတစ်ရပ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်း ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။ https://bit.ly/3aGD3Au


"Kaung For You Education" မှ ဆရာ/ဆရာမများကို အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးခြင်းနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

၂၀၂၂ ခုနှစ် ဇူလိုင်လ (၁၄) ရက်

၁။ "Kaung For You Education" အွန်လိုင်းအခြေပြု ပညာသင်ကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက် ရှိသည်ဟု လေ့လာသိရှိရပါသည်။

၂။ "Kaung For You Education" အနေဖြင့် မကြာသေးမီက အချက်အလက် ကျိုးပေါက်မှု ရှိခဲ့သည်ကိုလည်း လေ့လာသိရှိရပါသည်။ အွန်လိုင်းအခြေပြု ပညာသင်ကျောင်းတစ်ခုအနေဖြင့် ကိုယ်ရေးအချက်အလက်များကို ကောက်ယူခဲ့ပြီး စနစ်တကျ မထိန်းသိမ်းနိုင်ခဲ့ခြင်း သည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သော ကိုယ်ရေးအချက်အလက် လုံခြုံခွင့် (Right to Privacy) ကို ချိုးဖောက်မှု ဖြစ်သည်။ ထို့အတွက် သက်ဆိုင်ရာကျောင်းစီမံခန့်ခွဲမှုအနေဖြင့် တာဝန်ခံရန် တာဝန်ရှိပါသည်။

၃။ တစ်ချိန်တည်းမှာပင် ပညာရေးအခွင့်အရေး (Right to Education) သည်လည်း အခြေခံလူ့အခွင့်အရေး ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ ပညာသင်ကြားခြင်း၊ သင်ယူခြင်းကို အကြောင်းပြု၍ ခြိမ်းခြောက် ခြင်း၊ ဖမ်းဆီးခြင်း မပြုအပ်ပါ။ ယခုကဲ့သို့ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ဆရာ၊ ဆရာမများအား ဖမ်းဆီးခြင်းနှင့် ခြိမ်းခြောက်ခြင်းသည် အခြေခံလူ့အခွင့်အရေးတစ်ရပ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည်။

၄။ အသက် ၁၈ နှစ်အောက် ကလေးသူငယ်များ ဖြစ်ကြသော ကျောင်းသား/ကျောင်းသူများ၏ လုံခြုံရေး အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့အနေဖြင့် အထူးစိုးရိမ်လျက်ရှိပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားများနှင့် ချိတ်ဆက်လျက် လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၁၄။ ရဲတပ်ဖွဲ့အသစ်များခန့်အပ်နိုင်ရေးအတွက် အရည်အချင်းစစ်ဆေးရေး ကော်မတီကို မကြာမီဖွဲ့စည်းသွားမည်

ပြည်သူ့ရဲတပ်ဖွဲ့ဝင်များအား အရည်အချင်းစိစစ်ရေးကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက်ပြည်ထောင်စုဝန်ကြီးဦးလွင်ကိုလတ်က အစိုးရအဖွဲ့အစည်းအဝေး၌တင်ပြခဲ့ပြီး ရဲတပ်ဖွဲ့အသစ်များ ခန့်အပ်နိုင်ရေးအတွက် အရည်အချင်းစစ်ဆေးရေးကော်မတီကို မကြာမီ ဖွဲ့စည်းသွားမည်ဟု ပြည်ထဲရေးနှင့် လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးဌာန ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။ တော်လှန်ရေးကာလအတွင်း ပြည်သူ့ရဲတပ်ဖွဲ့ကို ဝင်ရောက် အမှုထမ်းလိုသည့် ရဲတပ်ဖွဲ့ဝင်များစုဆောင်းပြီး လူထုဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဖော်ဆောင်နိုင်ရန်၊ ရဲတပ်ဖွဲ့ဝင်သစ်များ တာဝန်ပေးအပ်နိုင်ရေးနှင့် တော်လှန်ရေး အရှိန်မြှင့်တင်၍ ဖက်ဒရယ် ဒီမိုကရေစီ စနစ်တည်ဆောက်ရေး အတွက် အထောက်အပံ့ပြုရန် ရည်ရွယ်ထားကြောင်း ပြည်ထောင်စုဝန် ကြီးကပြောကြားသည်။ https://bit.ly/3yFzi6a

၁၅။စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ခရိုင် ပအဖ လက်စွဲအကြောင်း ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီးတက်ရောက်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်း၊ မကွေးတိုင်းအတွင်းရှိ မြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့များနှင့် ခရိုင် ပအဖ လက်စွဲအကြောင်း ရှင်းလင်းပွဲကို ဇူလိုင် ၁၃ ရက်ကပြုလုပ်ခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် ပြည်သူ့ခုခံတော်လှန်စစ်အပေါ်အခြေခံ၍ စိုးမိုးနယ်မြေများတွင် အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစိုးမိုးနယ်မြေများတွင် လိုအပ်သည့် ဘတ်ဂျတ်များလည်း ခွဲဝေချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်လည်း သက်ဆိုင်ရာမြို့နယ် ပအဖ များနှင့် ချိတ်တွဲ၍ ပညာရေး၊ ကျန်းမာရေး၊ လူသားချင်းအကူအညီပေးမှုများကို အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးလျက်ရှိကြောင်းတို့ကို ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားခဲ့သည်။

ခရိုင် ပအဖ လုပ်ငန်းလက်စွဲတွင် အခန်း (၅) ခန်းပါဝင်ပြီး၊ အခန်း (၁) ရည်ရွယ်ချက်၊ အခန်း (၂) ဖွဲ့စည်းပုံ နှင့် လုပ်ငန်းတာဝန်၊ အခန်း (၃) ရုံးလုပ်ငန်းများ၊ အခန်း (၄) ဘဏ္ဍာရေး နှင့် အခန်း (၅) အထွေထွေ တို့ပါဝင်သည်။

https://bit.ly/3o90Sny

တစ်ပတ်အတွင်း အစည်းအဝေးနှင့်တွေ့ဆုံပွဲများ

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၁။	ဇူလိုင် ၉	ကြားကာလဒေသန္တရ ပြည်သူ့ အုပ်ချုပ်ရေး ဖော်ဆောင်မှု ဗဟိုကော်မတီ နှင့် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီ တို့ဒုတိယအကြိမ် ဆွေးနွေးပွဲ ပြုလုပ်	ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဇွန်လအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း ပြောကြား၊ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် မန္တလေးတိုင်းအတွင်းမှ အင်အားစုများကြား ပုံမှန်ချိတ်ဆက်နိုင်ရေးကိစ္စရပ်များ ၊ မြေပြင်တွင်ဖြစ်ပေါ်နေသည့် အခြေနေများနှင့် အညီ ဟန်ချက်ညီစွာ ပူးပေါင်းလုပ်ကိုင်ကြရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။	bit.ly/3o9Ry2C

စဉ်	နေ့စွဲ	ဝန်ကြီးဌာနနှင့် ကော်မတီများ	အကြောင်းအရာနှင့်ဆွေးနွေးချက်များ	Link များ
၂။		ကြားကာလဒေသန္တရပြည်သူ့ အုပ်ချုပ်ရေးဖော်ဆောင် မှု ဗဟိုကော်မတီနှင့် ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ကိုယ်စား ပြုကော်မတီတို့ ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေး	စစ်ဘေးရှောင်များအတွက် လူသားချင်းစာနာကူညီပေးနိုင်ရေး ကိစ္စရပ်များ၊ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးအပ်နိုင်ရေး ကိစ္စရပ်များ၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ပဲခူးတိုင်း အတွင်းရှိ အင်အားစုများကြား ပုံမှန် ချိတ်ဆက်နိုင်ရေးကိစ္စရပ်များ၊ မြေပြင်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်အညီ ဟန်ချက်ညီ ပူးပေါင်းလုပ်ကိုင်ကြရမည့် ကိစ္စရပ် များကိုဆွေးနွေးခဲ့ကြသည်။	https://bit.ly/3uWEul1
၃။	ဇူလိုင် ၁၄	ကြားကာလဒေသန္တရပြည် သူ့အုပ်ချုပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီအစည်းအဝေး	ပြည်နယ်အတိုင်ပင်ခံကောင်စီများ အတွက် အုပ်ချုပ်ရေး၊ပညာရေး၊ကျ န်းမာရေးနှင့်လူသားချင်းစာနာထော က်ထားမှုဆိုင်ရာ ဘတ်ဂျတ်များခွဲ ဝေပေးအပ်နိုင်ရေး၊ကျန်ရှိနေသေး သည့် အတိုင်ပင်ခံကောင်စီများနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးနိုင်ရေး ကိစ္စရပ် များဆွေးနွေးခဲ့ကြသည်။	https://bit.ly/3uSor7W
၄။	ဇူလိုင် ၁၄	ကြားကာလဒေသန္တရပြည်သူ့အုပ်ချု ပ်ရေးဖော်ဆောင်မှု ဗဟိုကော်မတီနဲ့ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြု ကော်မတီတို့ ဒုတိယအကြိမ်တွေ့ဆုံ	အုပ်ချုပ်ရေးနယ်မြေများ ဆက်လက်တိုးချဲ့နိုင်ရေး မကွေးတိုင်း အတွင်း မြေပြင်ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်အညီ ဟန်ချက်ညီ ပူးပေါင်းလုပ်ကိုင်ကြရမည့်ကိစ္စရပ် များ ၊ပညာရေး ကျန်းမာရေးနှင့် လူ သားချင်စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။	https://bit.ly/3RIIXBQ

၅	ဇူလိုင် ၁၃	အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတနဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးတို့ တွေ့ဆုံ	ယာယီသမ္မတ ဒူဝါလရှီးလကမြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြပြီး ငြိမ်းချမ်းသော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရန် ပြည်သူများ၏ ကြိုးပမ်းနေမှုများကို ထပ်မံမျှဝေခဲ့သည်။	https://bit.ly/3obgGpT